ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

အမိန့်ကြော်ငြာစာအမှတ် ( ၁ /၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက် )

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် အာမခံကြေးများကို ပြင်ဆင်သတ်မှတ်ပေးသွင်းစေခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၃ တွင် ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအမျိုးအစားအလိုက် ပေးသွင်းရမည့် အာမခံကြေးနှုန်းထားကို သတ်မှတ်ရမည်ဟု ပြဋ္ဌာန်းထားရှိပါသည်။

၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ၂၂၊ နည်းဥပဒေခွဲ (က)အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အာမခံကြေးပေးသွင်းစေပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများ မှတ်ပုံတင်စာရင်း (ပုံစံ-၉) တွင် မှတ်တမ်းတင်ပြီးနောက် နည်းဥပဒေ ၂၄ အရ လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာပုံစံဖြင့် ခွင့်ပြုမိန့် ထုတ်ပေးရမည်ဟု ပြဋ္ဌာန်းထားရှိပါသည်။

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ၄၃ တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူသည် ဗဟိုကော်မတီက သတ်မှတ်သည့် အာမခံကြေးကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း တည်ရှိရာနှင့် အနီးဆုံးမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပေးသွင်းရမည်ဟု ပြဋ္ဌာန်းထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူသည် အောက်ပါအတိုင်း အာမခံကြေးကို ပေးသွင်းရမည်-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင်-

(၁) တောင်သူလယ်သမားနှင့် မိသားစု တစ်နိုင်တစ်ပိုင် လုပ်ကိုင်လိုသော ဧက ၅၀ နှင့် အောက်ဖြစ်လျှင် တစ်ဧကလျှင် ကျပ် ၅၀၀၀(ကျပ်ငါးထောင်)နှုန်း ၊

(၂) စီးပွားဖြစ် လုပ်ကိုင်လိုသော မြေသည် ၅၀ ဧကအထက်ဖြစ်လျှင် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း)နှုန်း၊

(ခ) မွေးမြူရေးလုပ်ငန်းတွင် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း)နှုန်း

(ဂ) ခေတ်သစ်တူးဖော်ခြင်း၊ စမ်းသပ်ခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းနှင့် ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် မြေအသုံးချခွင့်ကိုသာခွင့်ပြုခြင်းတွင် တစ်ကေလျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း)နှုန်း

(ဃ) အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများတွင်–

(၁) အစိုးရဌာနဆိုင်ရာ/ သာသနာရေး/ စည်ပင်သာယာရေးအဖွဲ့အသုံးပြုရန် လုပ်ငန်းများတွင် တစ်ကေလျှင် ကျပ် ၃၀၀၀၀(ကျပ်သုံးသောင်း) နှုန်း

(၂) ပုဂ္ဂလိက/ ကုမ္ပဏီ/ အဖွဲ့အစည်းများအသုံးပြုရန် လုပ်ငန်းများတွင် တစ်ကေလျှင် ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း)နှုန်း

၅။ (၆.၃.၂၀၂၅) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ထုတ်ပြန်ခြင်းဖြစ်ပါသည်။

၆။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၄.၂.၂၀၂၂) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၂၂) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

(ပုံ) မင်းနောင်

ဥက္ကဋ္ဌ

စာအမှတ်၊ ၁၂/ မလရ - ၁ ( ၁၂၃ / ၂၀၂၅)

ရက်စွဲ ။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဝင်အားလုံး
ဥက္ကဋ္ဌ၊ ပြည်ထောင်စုနယ်မြေ၊---------တိုင်းဒေသကြီး/ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ
အတွင်းရေးမှူး၊ ပြည်ထောင်စုနယ်မြေ၊---------တိုင်းဒေသကြီး/ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်၊<br>ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁)တွင် ထည့်သွင်းကြေညာပေးပါရန်။ |

အမိန့်အရ

၂၈ ၃ ၂၀၁၆

( ဒေါက်တာဝင်းထွဋ် )
အတွင်းရေးမှူး